# ၂၀၂၀ ခုနှစ်အတွင်း ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင်

# မြန်မာ့တပ်မတော်၏ လူ့အခွင့်အရေး ချိုးဖောက်မှု အစီရင်ခံစာ

၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ဝေသည်


CHINA
THIMPHU
BHUTAN
Brahmaputra
INDIA
CHINA
Putao
Chindwin
Yangtze
Yangtze
Myitkyina
Mekong
BANGLADESH
DHAKA
Meghna
Padma
Bhamo
Irrawaddy
Mogok
Lashio
Shwebo
Monywa
Mandalay
Mouths of the Ganges
MYANMAR
(BURMA)
Taunggyi
Mekong
VIETNAM
LAOS
Magway
NAYPYIDAW
Ramree Island
Munaung Island
Prome
Salween
Irrawaddy
Sittaung
VIENTIANE
Bay of Bengal
Bago
Hpa-An
Yangon
(Rangoon)
Mouths of the Irrawaddy
THAILAND
Preparis Island
(MYANMAR)
Cocos Islands
(MYANMAR)
Moscos Islands
Dawei
BANGKOK
Narcondam Island
(INDIA)
Andaman and Nicobar Islands
(INDIA)
Barren Island
(INDIA)
Myeik
Myeik Archipelago
CAMBODIA
ANDAMAN SEA
Gulf of Thailand
100
200 km




ရခိုင်ပြည်နယ်

ဓါတ်ပုံမူရင်း- MIMU




ရှမ်းပြည်နယ်

ဓါတ်ပုံမှုရင်း- MIMU

# မာတိကာ


| | |
|---|---|
| နိဒါန်း | ၆ |
| စာတမ်းပြုစုရေးသားသည့် အဖွဲ့အစည်းများအကြောင်းအကျဉ်း | ၇ |
| သတင်းအချက်အလက်ကောက်ခံသည့်ပုံစံ | ၉ |
| အစီရင်ခံစာထုတ်ဝေခြင်း၏ရည်ရွယ်ချက် | ၉ |
| အမှုအခြေပြဇယား | ၁၀ |
| ၂၀၂၀ ခုနှစ်အတွင်းဖြစ်ပျက်ခဲ့သည့်လူ့အခွင့်အရေးချိုးဖောက်မှုအားသုံးသပ်ခြင်း | ၁၂ |
| အမှုဥပမာများဖော်ခြင်း | ၁၃ |
| အကြံပြု တိုက်တွန်းချက် | ၁၆ |

# နိဒါန်း

ယခုရေးသားထုတ်ဝေသည့် "၂၀၂၀ ခုနှစ် ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မြန်မာ့တပ်မတော်၏ လူ့အခွင့်အရေးချိုးဖောက်မှုများ" အစီရင်ခံစာအုပ်သည် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်ရှိ လူ့အခွင့်အရေး လှုပ်ရှားသူများမှ ပူးပေါင်း၍ ရေးသား ထုတ်ဝေသည့် အစီရင်ခံစာအုပ်ဖြစ်ပါသည်။ ယခုရေးသားသည့် အစီရင်ခံစာအုပ်သည် မိမိတို့ အဖွဲ့မှ လက်လှမ်းမှီသည့် သတင်းအချက်အလက်များကိုသာ လူတွေ့ တွေ့ဆုံမေးမြန်းခဲ့သည့် အစီရင်ခံစာ ဖြစ်ပါသည်။

မြန်မာနိုင်ငံအနှံ့အပြားနှင့် တစ်ကမ္ဘာလုံးတွင်း ကိုဗစ် - ၁၉ ကပ်ရောဂါ ဆိုးရွားစွာဖြစ်ပွားနေသည့် အချိန်ဖြစ်သော်လည်း မိမိတို့နိုင်ငံတွင် ပြည်တွင်းစစ်ဖြစ်ပွားသည့် အတွက်ကြောင့် ပြည်သူများမှာ အိုးအိမ်စွန့်ခွာထွက်ပြေးခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းမှာ ယနေ့ထိတိုင် ဖြစ်ပွားနေသည်ကို သက်ဆိုင်ရာ အာဏာရှင်များ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂုလ်များ သိရှိပြီး ပြည်သူများအား ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်၍ ထုတ်ပြန်ထားသည့် အစီရင်ခံစာအုပ်လည်းဖြစ်ပါသည်။

ယခုရေးသားထားသည့် အစီရင်ခံစာအုပ်ကို ဖတ်ခြင်းအားဖြင့် သက်ဆိုင်ရာ အာဏာပိုင်းများမှ လူ့အခွင့်အရေးချိုးဖောက်ခံရသူများ၊ မိသားစုဝင်များအား ဥပဒေအရကုစားခွင့်နှင့် အဆိုပါပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအား ထောက်ပံ့ကူညီရန် ရည်ရွယ်၍ ထုတ်ပြန်ထားသည့် အစီရင်ခံစာအုပ်ဖြစ်ပါသည်။

# စာတမ်းပြုစုရေးသားသည့် အဖွဲ့အစည်းများအကြောင်းအကျဉ်း။

**(က) ရခိုင်လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့**

ရခိုင်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့သည်အဖွဲ့အစည်း(၆)ခုနှင့်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပြီး စစ်ရေးပဋိပက္ခ ဒေသမှ စစ်ဘေးရှောင်ပြည်သူများကို အချိန်နှင့်တပြေးညီ၊ ထိရောက်စွာ၊ လွတ်လပ်စွာ၊ လွမ်းခြုံ၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်မှုနှင့် အရပ်သားအကာအကွယ် ပြုရေးလုပ်ငန်းများကို တုန့်ပြန်ဆောင်ရွက်နေသည့် ကွန်ရက်ဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ကွန်ရက်တွင်ပါဝင်သည့်အဖွဲ့ အစည်းများအမည်-

၁။ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးရှေ့ဆောင်အဖွဲ့

၂။ ဝံလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (ရခိုင်ပြည်)

၃။ ပြည်သူအများအတွက်ပြည်သူ

၄။ ရခိုင်တိုင်းရင်းသားမျိုးနွယ်အစည်းအရုံး

၅။ ရပ်ရွာလူထု စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်းတိုးမြှင့်ရေးအဖွဲ့ နှင့်

၆။ ရခိုင်လူငယ်မျိုးဆက်သစ် - ကွန်ရက်

**(ခ) ရခိုင့်လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့**

ရခိုင့်လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့သည် အခြေခံလူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို နိုင်ငံသားတိုင်း သိရှိလက်ခံကျင့်သုံးနိုင်ရေး၊ နိုင်ငံသားတိုင်း လူ့ဂုဏ်သိက္ခာနှင့်အညီ အသက်ရှင်သန်ရပ်တည်နိုင်ရေးနှင့် ရခိုင့်လူ့အဖွဲ့အစည်းအတွင်း လူ့အခွင့်အရေး မဏ္ဍိုင်ကြီးတစ်ရပ် ပေါ်ထွက်လာရေးတို့အတွက် ရည်ရွယ်ပြီး ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။

**(ဂ) ရခိုင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ကွန်ရက်**

ရခိုင်အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက်သည် စစ်ကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးကြရသူများနှင့် ပဋိပက္ခဒေသအတွင်း အခက်အခဲ ဒုက္ခများကြုံတွေ့နေကြရသည့် ရခိုင်မျိုးနွယ်စုများ အတွက်အထောက်အပံ့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများစုပေါင်း ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားသောကွန်ရက်ဖြစ်ပါသည်။

**(ဃ) လူ့အခွင့်အရေးလှုပ်ရှားသူများကွန်ရက်**

လူ့အခွင့်အရေးလှုပ်ရှားသူများကွန်ရက်သည် အဖွဲ့စည်း (၅)ခုနှင့်ဖွဲ့စည်းထားပြီး ရှမ်းပြည်နယ် မြောက်ပိုင်းတွင် လူ့အခွင့်အရေးချိုးဖောက်ခံရသူများအား ကူညီစောင့်ရှောက်ရန် ဖွဲ့စည်းထားသည့် ကွန်ရက်ဖြစ်ပါသည်။ ကွန်ရက်တွင်ပါဝင်သည့် အဖွဲ့အစည်းများအမည်-

၁။ တအာင်းအမျိုးသမီးအဖွဲ့အစည်း

၂။ တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့

၃။ တအာင်းဥပဒေအထောက်အကူပြုအဖွဲ့
၄။ ပေါင်းစည်းအားအင်စတီကျူ့ နှင့်
၅။ New Star Law Firm (NSLF)

**(c) United Rights Group (URG)**

United Rights Group သည်ကချင်ပြည်နယ်အခြေစိုက်အရပ်ဘက်လူမှုအဖွဲ့အစည်း (၄)ခုနှင့် ဖွဲ့စည်းထားသော ကွန်ရက်ဖြစ်ပြီး စစ်ပဋိပက္ခဖြစ်ပွားသည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများရှိ လူ့အခွင့်အရေး ချိုးဖောက်ခံရသူများအား ဥပဒေအထောက်အကူပေးခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာထုတ်ဝေခြင်းနှင့် အရေးဆိုပန်ကြားခြင်း လုပ်ငန်းများ၌ ပူးပေါင်းလုပ်ဆောင်လျက်ရှိသည့် အဖွဲ့ဖြစ်သည်။ URG တွင်ပါဝင်သည့် အဖွဲ့အစည်းများအမည် -

၁။ Humanity Institute
၂။ ကချင်အမျိုးသမီးများအစည်းအရုံး ထိုင်းနိုင်ငံ
၃။ Shait Social Development Foundation နှင့်
၄။ Shingnip Kachin Legal Aid Network Group

## သတင်းအချက်အလက်ကောက်ခံသည့်ပုံစံ

ယခုသတင်းအချက်အလက်များအား ကောက်ခံခဲ့သည့် နည်းလမ်းများမှာ မိမိတို့ အဖွဲ့အစည်းများမှ သက်ဆိုင်ရာ လူ့အခွင့်အရေးချိုးဖောက်ခံရသူ များအား လူတွေ့ မေးမြန်းခြင်း၊ ဆက်သွယ်ရေးပစ္စည်းများ အသုံးပြု၍ မေးမြန်းခြင်းများကို အသုံးပြု၍ စာရင်းပြုစု ကောက်ခံခဲ့သည့် အချက်အလက်များဖြစ်ပါသည်။

## အစီရင်ခံစာထုတ်ဝေခြင်း၏ ရည်ရွယ်ချက်


၁။ ၂၀၂၀ ခုနှစ်အတွင်း မြန်မာ့တပ်မတော်မှ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်ဒေသများတွင် စနစ်တကျ ပြုလုပ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများအား ပြည်တွင်း ပြည်ပနိုင်ငံတကာအဖွဲ့ အစည်းများ သိရှိစေရန် နှင့် ကျူးလွန်ခံရသော အပြစ်မဲ့ပြည်သူများ တရားမျှတမှုရရှိလာစေရန်။


၂။ တိုင်းရင်းသား ဒေသများတွင် မြန်မာ့တပ်မတော်မှ ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများ ပပျောက် လာစေရန်နှင့် ကျူးလွန်သူများအား တရားဥပဒေအရ ပွင့်လင်းမြင်သာမှုရှိသော အပြစ်ပေးအရေးယူဆောင်ရွက် မှုများရှိလာနိုင်စေရန်။

၃။ ရခိုင်ပြည်နယ်၊ ရှမ်းပြည်မြောက်ပိုင်းနှင့် အခြားသော တိုင်းရင်းသားဒေသများတွင် လူ့အခွင့်အရေး ချိုးဖောက်ခံရ သူများ၏ အခွင့်အရေးများကို တရားဥပဒေအရ ပြန်လည်ကုစားခွင့်များ ရရှိလာစေရန်။

# အမှုအခြေပြဇယား

| လူ့အခွင့်အရေး ချိုးဖောက်ခံ ရသည့် မြို့နယ်များ | လူ့အခွင့်အရေးချိုးဖောက်ခံရသည့် အမျိုးအစားများ | | | | | လူ့အခွင့်အရေး ချိုးဖောက်ခံရ သူများ | | ကျူးလွန်ခံရသူ စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | | | | မ | ကျား | |
| နမ့်ဆန် မြို့နယ် | ပစ္စည်းဥစ္စာများ ဖျက်ဆီးခြင်း | ညှင်းပန်း နှိပ်စက်ခြင်း | မြေမြှုပ်မိုင်း | | | | ၉ | ၉ |
| ကျောက်မဲ မြို့နယ် | လက်နက်ကြီး များဖြင့် နေအိမ်များကို ဖျက်ဆီးခြင်း | လက်နက်ကြီး ထိမှန် | သတ်ဖြတ်ခြင်း | မြေမြှုပ်မိုင်း | | ၃ | ၈ | ၁၁ |
| မိုးမိတ် မြို့နယ် | ပစ္စည်းဥစ္စာများ မတရား သိမ်းစည်းခြင်း | မတရား ဖမ်းဆီး ချုပ်နှောင်ခြင်း | | | | ၁ | ၆ | ၇ |
| ကွတ်ခိုင် မြို့နယ် | ညှင်းပန်း နှိပ်စက်ခြင်း | ပေါ်တာခေါ် ဆောင်ခြင်း | မြေမြှုပ်မိုင်း | မတရားဖမ်းဆီး ချုပ်နှောင်ခြင်း | | ၁၇ | ၃၉ | ၅၆ |
| လားရှိုး မြို့နယ် | သတ်ဖြတ်ခြင်း | | | | | ၄ | ၂ | ၆ |
| မူဆယ် မြို့နယ် | မတရားဖမ်းဆီး ချုပ်နှောင်ခြင်း | သတ်ဖြတ်ခြင်း | ပစ္စည်းဥစ္စာများ အတင်းအဓမ္မ ယူခြင်း | ပေါ်တာခေါ် ဆောင်ခြင်း | | ၂ | ၁၇ | ၁၉ |
| နမ့်ခမ်း မြို့နယ် | မြေမြှုပ်မိုင်း | | | | | | ၅ | ၅ |
| မန်တုန် မြို့နယ် | သတ်ဖြတ်ခြင်း | | | | | | ၁ | ၁ |
| နမ္မတူ မြို့နယ်။ | မြေမြှုပ်မိုင်း | | | | | | ၁ | ၁ |
| ကျောက်တော် မြို့နယ် | သတ်ဖြတ်ခြင်း | မတရား ဖမ်းဆီးချုပ် နှောင်ခြင်း | နေအိမ်မီးရှို့ ဖျက်ဆီးခြင်း | ညှင်းပန်း နှိပ်စက်ခြင်း | မတရား ဖမ်းဆီး ထောင်ချခြင်း | ၁ | ၁၂ | ၁၃ |
| မင်းပြား မြို့နယ် | ညှင်းပန်း နှိပ်စက်ခြင်း | လက်နက်ကြီး ထိမှန် သေဆုံးခြင်း | မြေမြှုပ်မိုင်း | နေအိမ်မီးရှို့ ဖျက်ဆီးခြင်း | | ၁ | ၉ | ၁၀ |
| မြောက်ဦး မြို့နယ် | | သတ်ဖြတ်ခြင်း | လက်နက်ကြီး ထိမှန်သေ ဆုံးခြင်း | | | | ၃ | ၃ |
| ရသေ့တောင် မြို့နယ် | မုဒိမ်းမှု | | | | | ၁ | | ၁ |
| **စုစုပေါင်း လူဦးရေ** | | | | | | **၃၀** | **၁၁၂** | **၁၄၂** |


မြို့နယ် အလိုက် လူ့အခွင့်အရေး ချိုးဖောက် ခံရမှုများ
45
40
35
30
25
20
15
10
5
0
နမ့်ဆန်မြို့နယ်
ကျောက်မဲမြို့နယ်
မိုးမိတ်မြို့နယ်
ကွတ်ခိုင်မြို့နယ်
လားရှိုးမြို့နယ်
မူဆယ်မြို့နယ်
နမ့်ခမ်းမြို့နယ်
မန်တုန်မြို့နယ်
နမ္မတူမြို့နယ်။
ကျောက်တော်မြို့နယ်
မင်းပြားမြို့နယ်
မြောက်ဦးမြို့နယ်
ရသေ့တောင်မြို့နယ်
မ
ကျား


၂၀၂၀ ခုနှစ်အတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရသည့် မြို့နယ်အလိုက် လူဦးရေ
၆၀
၅၀
၄၀
၃၀
၂၀
၁၀
၀
နမ့်ဆန်မြို့နယ်
ကျောက်မဲမြို့နယ်
မိုးမိတ်မြို့နယ်
ကွတ်ခိုင်မြို့နယ်
လားရှိုးမြို့နယ်
မူဆယ်မြို့နယ်
နမ့်ခမ်းမြို့နယ်
မန်တုန်မြို့နယ်
နမ္မတူမြို့နယ်။
ကျောက်တော်မြို့နယ်
မင်းပြားမြို့နယ်
မြောက်ဦးမြို့နယ်
ရသေ့တောင်မြို့နယ်

# ၂၀၂၀ ခုနှစ်အတွင်းဖြစ်ပျက်ခဲ့သည့်လူ့အခွင့်အရေးချိုးဖောက်မှုအားသုံးသပ်ခြင်း

၂၀၂၀ ခုနှစ်အတွင်း ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မြန်မာ့တပ်မတော်မှ လူ့အခွင့်အရေး ချိုးဖောက်မှုများကို သုံးသပ်လေ့လာခြင်းအားဖြင့် မြို့နယ် (၁၃) မြို့နယ်မှ ပြည်သူများမှာ မိုင်းထိမှန် သေဆုံးခြင်း၊ မိမိတို့၏ ပစ္စည်းဥစ္စာများ လုယက်ဖျက်ဆီးခံရခြင်း၊ လက်လွတ်စပယ် ပစ်ခတ်၍ ပြည်သူများ ထိခိုက်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ အတင်းအဓမ္မ ဖမ်းဆီး၍ ထိန်းသိမ်းထားခြင်း၊ သတ်ဖြတ်ခြင်း၊ ပေါ်တာဆွဲခံရခြင်းနှင့် အမျိုးသမီးများအပေါ် မုဒိမ်း ပြုကျင့်ခြင်း စသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို သုံးသပ်တွေ့ရှိရပါသည်။ မြန်မာ့တပ်မတော်မှ ပြည်သူများအား မတရား ဖမ်းဆီးခြင်း၊ ထိန်သိမ်းထားခြင်း နှိပ်စက်ညှင်းပန်းမှု တို့သည် ၂၀၂၀ ခုနှစ်အတွင်း ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး ဒဏ်ရာရရှိသူ စုစုပေါင်း (၃၅) ဦးရှိခဲ့ပါသည်။ အဆိုပါဖြစ်စဉ်များတွင် အမျိုးသမီးများလည်း ပါဝင်နေသည်ကို တွေ့ရှိရပါသည်။ လူ့အခွင့်အရေး ချိုးဖောက်ခံရသည့် ဖြစ်စဉ်များတွင် မြေမြှုပ်မိုင်း နင်းမိ၍ အသက်ဆုံးရှုံးသူများနှင့် ထိခိုက် ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်မှာ ဒုတိယအများဆုံး ဖြစ်ပွားခဲ့ပြီး အမျိုးသား (၂၃) ဦး၊ အမျိုးသမီး (၁၁) ဦး၊ စုစုပေါင်း (၃၄) ဦး ထိခိုက် ခံစားခဲ့ရပါသည်။ မြန်မာ့တပ်မတော်၏ လက်နက်ဖြစ်သည့် ဗုံးများကို ကျေးရွာအတွင်း နေအိမ်များတွင် လက်လွတ်စပယ် စွန့်ပစ်ခဲ့သည့် အတွက် ကြောင့် ကလေးငယ်များမှာ ဆော့ကစားရင်း ပေါက်ကွဲမှုဖြစ်သည့် အတွက် အသက် (၅)နှစ် အရွယ် ကလေးငယ် သေးဆုံးခဲ့ပြီး ကလေး (၅)ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည့် ဖြစ်စဉ်များ လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ မြေမြှုပ်မိုင်း ကြောင့်လည်း ထိခိုက်သေဆုံး၊ ဒဏ်ရာရရှိခဲ့သည်များကိုလည်း တွေ့ရှိရပါသည်။ ပြည်သူများအား ဥပဒေပြင်ပ သတ်ဖြတ်ခြင်း အမှုဖြစ်စဉ် မှာ တတိယမြောက် လူ့အခွင့်အရေး ချိုးဖောက်မှု အများဆုံးဖြစ်စဉ် ဖြစ်ပွားခဲ့ပြီး ပြည်သူ (၃၁) ဦးမှာ တရားဥပဒေအရ ကာကွယ်ခုခံခွင့် မရှိဘဲ အသက်ဆုံးရှုံးခဲ့ရသည်။

အရပ်သားပြည်သူများအား မတရားညှင်းပန်းနှိပ်စက်မှု ဖြစ်စဉ်များလည်း ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မြန်မာ့တပ်မတော်မှ ယနေ့ထိတိုင်း ပြုလုပ်နေသည်ကို ၂၀၂၀ ခုနှစ် လူ့အခွင့်အရေး ချိုးဖောက်မှု မှတ်တမ်းများအား ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။ အချို့ဖြစ်စဉ်များတွင် ညှင်းပန်းနှိပ်စက်မှုဒဏ်ကို မခံနိုင်၍ အသက်သေ ဆုံးခဲ့သည့် ဖြစ်စဉ်များ လည်းရှိခဲ့ပါသည်။ ထို့ပြင် ပြည်သူများ၏ နေအိမ်များ ပစ္စည်းဥစ္စာများအား မီးရှို့ဖျက်စီး ခြင်းနှင့် လုယက်ဖျက်စီးခြင်း ဖြစ်စဉ်များကိုလည်း ရခိုင်ပြည်နယ်ရှိ ကျေးရွာအချို့တွင် တွေ့မြင်သိရှိရပါသည်။ ပေါ်တာဆွဲခြင်း ဖြစ်စဉ်မှာလည်း ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ယနေ့ထိတိုင်းဖြစ်ပွားခဲ့ပြီး အမျိုးသမီး (၅) ဦး အမျိုးသား (၈) ဦး စုစုပေါင်း (၁၃) ဦးမှာ မြန်မာ့တပ်မတော်၏ ပေါ်တာဆွဲခြင်းကို ခံခဲ့ရပါသည်။

၂၀၂၀ ခုနှစ်တွင် ဖြစ်ပွားခဲ့သော မြန်မာ့တပ်မတော်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို သုံးသပ်ခြင်းအားဖြင့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံသည် ဒီမိုကရေစီ စနစ်ကို ကျင့်သုံးနေသည့် နိုင်ငံဟု ဆိုသော်လည်း စစ်ဖြစ်ပွားရာ အရပ်ဒေသတွင် နေထိုင်သည့် အရပ်သားပြည်သူများမှာ ယနေ့ထိတိုင်း ဒီမိုကရေစီ အနှစ်သာရကို မခံစားရဘဲ မြန်မာ့ တပ်မတော်၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ယနေ့ထိတိုင် ခံစားနေရသည်ကို လေ့လာသုံးသပ်ရပါသည်။

# အမှုဥပမာများဖော်ခြင်း

## လက်လွတ်စပယ် ပစ်ခတ်ခြင်း

အဲနေ့က (၁၁. ၁၀. ၂၀၂၀) ရက်တွင်ည (၈) နာရီလောက်ချိန်တွင် ကျွန်မတို့အိပ်နေတဲ့ချိန် လက်နက်ကြီး တစ်လုံး ကျလာတယ်၊ လက်နက်ကြီးကျတဲ့ နေရာကျွန်မတို့အိမ်ဘေးက (ဦး***) အိမ်ခန်းငှား အသစ်ဆောက်ထား နေရာမှာကျတယ်။ အခန်းထဲမှာလည်းဒေါ်***က အိပ်နေတယ်။ ဒါပေမဲ့ သူ့ကိုတော့မထိဘူး။ လာထိတဲ့နေရာက အနောက်ဘက်အိမ် ပေါ်မှာကျတယ်။ ဒါပေမဲ့ သူကျနေရာက အထဲဘက်ကို တည့်တည့်မကျပဲ တိုင်ပေါ်မှာထိတော့ ဗုံးစတွေက ကျွန်မတို့ဘက်ပြန့်ကျဲပြီး သွပ်မိုးအကုန်ပေါက်သွားတယ်။ ပြီးတော့ ကျွန်မတို့မိသာစုက အိပ်နေတဲ့ချိန်၊ ကျွန်မကိုလာထိတယ်၊ အမျိုးသားနဲ့ ကလေးကိုတော့မထိဘူး။ ကျွန်မရဲ့ နဖူးနဲ့ ခြေထောက်ကိုထိတယ်၊ ကျွန်မအိမ်က အမေ့အိမ်နဲ့နီးနီးလေးပဲဆိုတော့ကျွန်မတို့ မိသားစုက အမေ့အိမ်ကို ပြေးသွားတယ်။ သွေး လ ည်း အ ရ မ်း ထွ က်ေ တာ့ ခေါင်းလည်း မူးလာတယ်။ အမေလည်း လာကြည့်တယ်၊ ညမိုးချုပ်နေပြီး ကျွန်မတို့ အပြင် မထွက်ရဲ တော့ဘူး။ ဆေးခန်းလည်းချက်ချင်းမသွားဘူး၊ အဲည သွားရင် လမ်းမှာကြောက်နေရတယ်၊



နာရင်လည်း အောင့်ထားရတယ်၊ အမေကအိမ်မှာရှိတဲ့ ဆေးတွေကို တိုက်တယ်၊ လိမ်လည်းလိမ်ပေးတယ်။ မနက်မိုး လင်းမှ ကျွန်မတို့ ဆေးရုံ သွားတယ်၊ မနက်(၆)နာရီ ကျွန်မတို့ ဆေးရုံရောက်နေပြီ။ ဆေးရုံရောက်တော့ စစ်တပ်က(ဗိုလ်မှူးဝင်းအောင်) လာကြည့်တယ်၊ ဆေးဖိုးလည်းသူတို့ပဲပေးတယ်။ ကျားခေါင်းပါတီ၊ ယာဉ်ထိန်းရဲ၊ ကျေးရွာရပ်မိရပ်ဖလည်း လာကူညီပေးတယ်။ အခုလိုမျိုးဖြစ်သွားတော့ ကျွန်မစိတ်မကောင်းဘူး၊ ဒါပေမဲ့ လာရောက် ကူညီပေးသူ တွေတော့ ကျွန်မ ကျေးဇူးအရမ်းတင်တယ်။ အခုတောင်ကျွန်မခေါင်းမူး သေးတယ်။ ကိုက်လည်း ကိုက်တယ်၊ မြန်မာ့တပ်မတော်က သူတို့ရဲ့ ဗုံးကိုတော့ ပြန်လာကောက်သွားတယ်၊ ကျကွဲတဲ့ဗုံးက (၆၀)အား၊ နောက်တစ်လုံးကတော့ မသိလိုက်ဘူး။ ရွာသူကြီးက တစ်လုံး ကောက်ထား တယ်၊ အိမ်ခေါင်မိုးတွေလည်း သူတို့အကုန်လာလဲပေးတယ်၊ အားလုံး နှစ်သိန်း ရှစ်သောင်း ငါးရာ ကျပ် (၂၈၀၅၀၀)ကုန်တယ်။ ပြီးတော့အဲဒီညပဲ (၅) မိနစ်အကြာဦး*** ဂိုဒေါင်းမှာတစ်လုံးထပ်ကျတယ်၊ လူတော့မနေဘူး၊ ပစ္စည်းတွေပဲ ထားထားတယ်၊ အ များကြီးပျက်စီးဆုံးရှုံးခဲ့တယ်၊ ဦး***ရဲ့ ဆုံးရှုံးသွားတဲ့ပစ္စည်း တန်ဖိုးက(၁၃)သိန်း ရှိတယ်၊ စစ်တပ်ဘက်က အကုန်မထောက်ပံ့ပေးခဲ့ဘူး။ သူတို့က (၆)သိန်းပဲ ပေးတယ်၊ ဦး***အိမ်လည်း ပျက်စီးသွားတဲ့ တန်ဖိုး ကျပ် ငါးသိန်း ရှစ်သောင်း (၅၈၀၀၀၀) လောက်ရှိတယ်။ ဒါပေမဲ့ သူ့ဘက်အပြည့် မထောက်ပံ့နိုင်ခဲ့ဘူး ကျပ် သုံးသိန်း ငါးသောင်း (၃၅၀၀၀၀) ပဲပြန်ထောက်ပံ့ပေးတယ်။

## နေအိမ်များမီးရှို့ပြီး ရွာသားများကို သတ်ဖြတ်မှု

၂၈-၃-၂၀၂၀ နေ့တွင် မင်းပြားမြို့နယ်၊ ***ကျေးရွာသို့ မြန်မာ့တပ်မတော်စစ်ကြောင်း တစ်ခုဝင်လာပြီး လူနေအိမ်များကို မီးရှို့ခဲ့ပါသည်။ စစ်ကြောင်းဝင်ရောက်လာပြီး နေအိမ်များကို မီးရှို့သောကြောင့် ရွာသားများသည် မင်းပြားတံတားအနီး၊ ဇက်ဆိပ်သို့ ထွက်ပြေးခဲ့ကြပါသည်။ ***ကျေးရွာသည် အိမ်ခြေ (၂၈၀) ရှိပြီး မြန်မာ့တပ်မတော်မှ ရှို့သော မီးကြောင့် စာသင်ကျောင်းဆောင်တစ်ခု အပါအဝင် နေအိမ် (၁၂) လုံးလောင်ကျွမ်းသွားခဲ့ပါသည်။ ***ကျေးရွာသို့ မြန်မာ့တပ်မတော်မှ ရောက်ရှိပြီး ရွာထဲတွင် စခန်းချထားသည်မှာ မြန်မာ့တပ်မတော် (၃၇၉) တပ်ရင်းမှ ဖြစ်သည်။ ရွာသားများထွက်ပြေးချိန်တွင် ဦး*** မှာမိမိနေအိမ်တွင် အိပ်ပျော်နေခဲ့သည်။ နောက်တစ်နေ့တွင် ရွာသားများ မိမိတို့ရွာသို့ ပြန်လာကြချိန်တွင် အသက် (၅၀) အရွယ်ရှိသော ဦး***၏ရုပ်အလောင်းကိုသာ တွေ့ရှိခဲ့ရပါသည်။

***ကျေးရွာမှ ဒေါ်***ပြောပြချက်အရ ဦး***ကို ခေါင်းပြတ်ပြီး သေဆုံးလျက် တွေ့ရှိရပါသည်။ ထို့အပြင် ခြေတစ်ချောင်းနှင့် လက်တစ်ချောင်းမှာလည်း ကျိုးနေပါသည်ဟုလည်း ပြောဆိုခဲ့ပါသည်။ ဒေါ်***မှာဦး***၏မရီးဖြစ်သူလည်းဖြစ်ပါသည်။

အသက် (၈၄)နှစ် အရွယ် အဖွားအို ဒေါ်***မှာလည်း သူ၏သမက်ဖြစ်သူနှင့်အတူ ကျေးရွာကို မီးရှို့နေစဉ်နေအိမ်ထဲတွင် ရှိနေခဲ့ပါသည်။ သေဆုံးသူဒေါ်***၏သမက်ဖြစ်သူက "ကျွန်တော်က ကိုယ်အိမ်အောက်မှာ အိပ်နေပါတယ်။ သူတို့စစ်သားတွေသေနတ်တွေပစ်ပြီး ဝင်လာပါတယ်။ ကျွန်တော်က ထလို့မရတော့ အိမ်အောက်မှာဝပ်နေပါတယ်။ သူတို့ မေဘုတို့ အိမ်ကို စတင်မီးရှို့ပါတယ်။ မီးတိုက်ပေမယ့် ကျွန်တော်က မထဝံ့ဘူး။ နောက်မီးရှိန် မြင့်လာတော့ သူတို့အိမ်ခြံထဲကနေ ခြံပြင်ကို ထွက်သွားကြတယ်။ အဲဒီမှာ ကျွန်တော်က ထွက်ပြေးဖို့ ရခဲ့တယ်။ ကျွန်တော်ရဲ့ ယောက္ခမ ဖြစ်သူကို ကျွန်တော် မခေါ်ယူနိုင်ခဲ့ဘူး။ အခု မီးထဲမှာ ပါသွားပါပြီ။ ဘယ်လို လုပ်ကြမလဲ" ဟုပြောဆိုသည်။ သေဆုံးသူ ဦး***မှာမီးလောင်နေသည်ဟုဆိုကာ အိပ်ယာမှထကာ မီးသတ်ရန်လာစဉ် သတ်ဖြတ်ခံခဲ့ရသည်ဟု ၎င်းကပြောဆိုသည်။

## မတရားပြုကျင့်ခံရမှု/ မုဒိမ်းမှု

၂၉-၆-၂၀၂၀ နေ့တွင်ရသေ့တောင်မြို့နယ်၊ ***ကျေးရွာသို့ လူအင်အား (၇၀) ဦးပါဝင်သော တပ်မတော် စစ်ကြောင်းတစ်ခုသည် လက်နက်ကြီး၊ လက်နက်ငယ်များနှင့် ပစ်ခတ်ပြီး ဝင်ရောက်လာခဲ့ပါသည်။ စစ်ကြောင်းဝင်ရောက်လာသောကြောင့် တစ်ချို့ကျေးရွာသားများမှာ အနီးအနားရှိ ကျေးရွာများကို ထွက်ပြေးသွားကြပြီး တစ်ချို့လူများမှာ ရွာထဲတွင် ကျန်နေခဲ့ပါသည်။ ၎င်းစစ်ကြောင်းသည်***ကျေးရွာတွင် တစ်ညအိပ်ခဲ့ပါသည်။ ထိုနေ့တွင် ၎င်းစစ်ကြောင်းသည် ထွက်ပြေးတိမ်းရှောင်သွားခဲ့သည့် ကျေးရွာသားများ၏ နေအိမ်များတွင် အိပ်ခဲ့ကြပါသည်။ ထို့အပြင် ကျေးရွာအတွင်းရှိ ကြက်များကိုလည်း သတ်ဖြတ်စားသောက်ခဲ့ကြပါသည်။

ထို့အပြင် နေအိမ်တစ်ခုတွင် ပုန်းခိုနေကြစဉ် ကလေးငိုသံကြားသောကြောင့် စစ်သားများ ရောက်ရှိလာကြပါသည်။ ပြီးနောက် အမျိုးသမီး (၆) ဦးအထဲမှ ဒေါ်*** ကို စစ်ဆေးမေးမြန်းစရာ ရှိတယ် ဆိုပြီး သူမ၏ ယောက္ခမ ဖြစ်သူ၏ အိမ်ကိုခေါ်ယူပြီး အဓမ္မပြုကျင့်ခဲ့သည်။ အဓမ္မပြုကျင့်မှု မပြုလုပ်မီ ထိုစစ်သားများသားများမှ ၎င်းအမျိုးသမီးအား "အစ်မကို တစ်ခုပြောမယ်။ အစ်မကျွန်တော်တို့တောင်းတာကို ပေး" ဟုလည်း ပြောဆိုခြိမ်းခြောက်ခဲ့ပါသည်။ ပြီးတော့အတင်းဝိုင်းချုပ်ပြီး မြန်မာ့တပ်မတော်သား (၃) ဦးမှ မုဒိမ်းပြုကျင့်ခဲ့ပါသည်။ မုဒိမ်းကျင့်ခံရသူ အမျိုးသမီးမှာ ကလေး (၃) ဦးမိခင်လည်းဖြစ်ပါသည်။ အဆိုပါ မြန်မာစစ်သားတို့သည် ***ထိုအမျိုးသမီးအား ငွေကျပ် နှစ်သောင်း

(၂၀၀၀၀) ပေးပြီး သတင်းမပေါက်ကြားဖို့လည်း ပြောကြားခဲ့ကြပါသည်။ အဲဒီနေ့အိမ်ကို မြန်မာ့တပ်မတော်သားတွေ ထပ်မံရောက်ရှိလာကြပြီး ကလေးမွေးဖွားပြီး (၆) ရက်သာရှိသေးသည့် အသက် (၁၉) နှစ်အရွယ် အမျိုးသမီး နောက်တစ်ဦးကို စစ်ဆေးစရာရှိတယ်ဆိုပြီး အပြင်သို့ခေါ်ယူကာ အဓမ္မပြုကျင့်ရန် ကြံရွယ်ခဲ့တယ်လို့လည်း ဒေါ်***ကပြောပါတယ်။ အဆိုပါ အသက်(၁၉) နှစ်အရွယ်အမျိုးသမီးငယ်သည် ဒေါ်***၏သမီးဖြစ်ပါသည်။ သူ၏ သမီးကို ခေါ်သွားသောအခါ ဦး***သည် ၄င်း၏ယောက္ခမဖြစ်သူကို ကြုံတွေ့ခဲ့ရပုံကို ပြောပြပြီး သွားကြည့်ခိုင်းခဲ့ပါသည်။ သူ့၏ ယောက္ခမ သွားရောက်ပြီး အမျိုးမျိုး တောင်းပန်ပြောဆိုခဲ့ပြီးနောက် အဆိုပါ (၁၉)နှစ် အရွယ်အမျိုးသမီးသည် ပြန်လည်လွတ်မြောက်ခဲ့ ပါသည်။

# အကြံပြုတိုက်တွန်းချက်

## မြန်မာ့တပ်မတော်

၁။ ကိုဗစ်- ၁၉ ကပ်ရောဂါကာလအတွင်း တိုင်းရင်းသားဒေသများတွင် မြန်မာ့တပ်မတော်၏ ထိုးစစ်ဆင်မှုများ အမြန်ဆုံးရပ်တန့်ပေးရန်နှင့် ကိုဗစ်- ၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် လက်နက်ကိုင် တိုင်းရင်းသားများနှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်ရန်။

၂။ ဒေသခံများအား စစ်ပွဲအတွင်း ပစ်မှတ်အဖြစ် သတ်မှတ်တိုက်ခိုက်ခြင်း၊ လူ့သားဒိုင်းအဖြစ်ပြုလုပ်ခြင်း အထူးသဖြင့် စစ်ပဋိပက္ခ ဖြစ်ပွားသည့်ဒေသ အနီးတစ်ဝိုက်ရှိ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများ နှင့် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများအား လေးစားလိုက်နာရန်။

၃။ မြန်မာ့တပ်မတော်မှ ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား အမှန်တရားနှင့် တရားမျှတမှုရရှိရန် စုံစမ်းစစ်ဆေး၊ အပြစ်ပေးအရေးယူပေးပြီး ကျူးလွန်ခံရသူများနှင့် ကျန်ရစ်သူမိသားစုဝင်များအား သင့်လျော်သည့် ပြည်လည်ကုစားပေးလျော်မှုများ ပြုလုပ်ပေးရန်။

၄။ စစ်မက်ဖြစ်ပွားသည့် ဒေသများမှ ဒေသခံပြည်သူများအား ဖမ်းဆီးကာ မတရား တရားစွဲဆိုထောင်ချမှုများ မပြုလုပ်ရန်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

၁။ တိုင်းရင်းသားဒေသများတွင် မြန်မာ့တပ်မတော်မှ ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအား စုံစမ်းစစ်ဆေးရန်နှင့် အပြစ်ပေးအရေးယူမှုများ အမြန်ဆုံးဆောင်ရွက်ပေးရန်။

၂။ မြန်မာ့တပ်မတော်မှ တိုင်းရင်းသားဒေသအတွင်းသို့ ထိုးစစ်ဆင်မှုများအား ရပ်တန့်ပေးရန်အတွက် အစိုးရမှ အမိန့်ပေးရန်နှင့် အကြမ်းဖက် အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် ရက္ခိုင့်တပ်တော် (အေအေ) အပါအဝင် လက်နက်ကိုင် တိုင်းရင်းသားများအားလုံး ပူးပေါင်းပါဝင်သည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်။

၄။ ရခိုင်ပြည်နယ်ရှိအင်တာနက်ဖြတ်တောက်ခံရသည့်မြို့နယ်များတွင်အင်တာနက်အမြန်ဆုံးပြန်လည်ဖွင့်ပေးရန်။

၅။ မြန်မာ့တပ်မတော်၏ လူ့အခွင့်အရေးချိုးဖောက်မှုအပေါ် အစိုးရမှ ဖုံးကွယ်ထားခြင်းမပြုဘဲ နိုင်ငံတကာ အသိုင်းအဝိုင်း ( ICJ, ICC, IIMM ) နှင့်ပူးပေါင်း၍ အမှန်တရားဖော်ထုတ်ရန်။

၆။ မြန်မာ့တပ်မတော်၏ လူ့အခွင့်အရေးချိုးဖောက်မှုများအား အရပ်ဘက်တရားရုံးတွင် ပွင့်လင်းမြင်သာစွာ စစ်ဆေးအရေးယူနိုင်ရန်အတွက် မြန်မာ့တပ်မတော်အား တွန်းအားပေးရန်။

၇။ စစ်ပွဲရှောင်ပြည်သူများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ကူညီထောက်ပံ့ရာတွင် လူ့ဂုဏ်သိက္ခာ နှင့်အညီ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိရန်အတွက် အစိုးရနှင့် မြန်မာ့တပ်မတော်မှ ခွင့်ပြုပေးရန်။

## နိုင်ငံတကာအစိုးရ၊ အဖွဲ့အစည်းများ

၁။ လက်ရှိမြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် တွင် နိုင်ငံတကာမှ အလှူငွေများ၊ ထောက်ပံ့မှုများ ပေးနေသည့် အပေါ် တွင် ရရှိလာသည့်ရလဒ်များကို ပြန်လည်သုံးသပ်ပြီး ထိရောက်မှုမရှိပါက ထောက်ပံ့မှုများ ရပ်တန့်ပေးရန်။

၂။ မြန်မာနိုင်ငံအစိုးရမှ လက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်စာတမ်းများကို လေးစား လိုက်နာရန်အတွက် နိုင်ငံတကာအစိုးရများအနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် မြန်မာ့တပ်မတော်အား ပိုမို ပြင်းထန်သည့် အရေးယူပိတ်ဆို့မှုများ ပြုလုပ်ပေးရန်။ ဖိအားပေးရန်။

၃။ နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် ဒေသခံအရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အသံ၊ သတင်း ထုတ်ပြန်ချက် နှင့် ပြောကြားချက်များကိုလည်း ပိုမိုအလေးထားဆောင်ရွက်ပေးရန်။

၄။ စစ်ပြေးရှောင်ပြည်သူများ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီ ထောက်ပံ့ရာတွင် ဒေသခံ အဖွဲ့အစည်းများ နှင့် တိုက်ရိုက်ချိတ်ဆက်ပြီး အကူအညီများအား စဉ်ဆက်မပြတ်ထောက်ပံ့ ကူညီပေးရန်။